# ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် လူထု၏အခန်းကဏ္ဍ အပိုင်း(၃၉)

## ကုလသမဂ္ဂ အထူးကိုယ်စားလှယ် မစ္စတာ ဂမ်ဘာရီ၏ခရီးစဉ် နှင့် နာဂစ် ဖွဲ့စည်းပုံအခြေခံဥပဒေ

ယခုနှစ် ဩဂုတ်လအတွင်းမှာ ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်ရဲ့ အထူးကိုယ်စားလှယ် မစ္စတာဂမ်ဘာရီ မြန်မာနိုင်ငံကိုထပ်မံသွားရောက်ပါတော့မယ်။ သူ့ရဲ့ခရီးစဉ်ကို နအဖရဲ့ ၂၀၀၈ ခုနှစ် နာဂစ် ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ ဆက်စပ်စဉ်းစားဖို့ လိုအပ်လာပါတယ်။

တကယ်တော့ မြန်မာနိုင်ငံကလူထုတွေဟာ ပြည်တွင်းမှာ နအဖရဲ့ဖိနှိပ်မှု ကြီးကြီးမားမားနဲ့ ကြုံတွေ့ရတဲ့ အခါတိုင်းမှာ ကုလသမဂ္ဂ အပါအဝင် နိုင်ငံတကာ အဖွဲ့အစည်းတွေကို အားကိုးလိုကြတယ်။ ဒါပေမယ့် နိုင်ငံတကာ က ပုဂ္ဂိုလ်တွေက မြော်လင့်သလောက် ထိထိရောက်ရောက် မစွမ်းဆောင်နိုင်တဲ့အခါမှာ အကြီးအကျယ်စိတ်ပျက်ကြ ပြန်ပါတယ်။ ဒီ နေရာမှာ အစွန်းနှစ်ဘက်ကို ရှောင်ဖို့လိုပါမယ်။ တဘက်ကတော့ ကိုယ့်ကိုယ်ကို အားကိုးပြီး စွမ်းစွမ်း တမံ ကြိုးပမ်းရမယ့် စိတ်ဓါတ်နဲ့လုပ်ငန်းစဉ်တွေကို ထိခိုက်ကျဆင်းလောက်တဲ့အထိ နိုင်ငံတကာအပေါ် အလွန်အ မင်းအားကိုးမိတာမျိုး မဖြစ်ဖို့ပါ။ အခြားတဘက်ကတော့ နိုင်ငံတကာမှာရှိနေတဲ့ အခင်းအကျင်းတွေနဲ့ ယန္တယား တွေကို ဘာတခုမှအသုံးမပြုခြင်တော့တဲ့အထိ အကြီးအကျယ် စိတ်ပျက်တာမျိုးလည်း မဖြစ်ဖို့လိုပါမယ်။

မစ္စတာ ဂမ်ဘာရီ ရောက်လာတဲ့အခါ နအဖရဲ့ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ၂၀၁၀ မှာ ကျင်းပဖို့ စီစဉ်ထားတဲ့ ရွေးကောက်ပွဲတွေနဲ့ ပတ်သက်ပြီး ပြည်တွင်းက နိုင်ငံရေးပါတီ အဖွဲ့အစည်းတွေနဲ့ လူထုတွေကို ဘာတွေ အကြံပြုမလဲ။ မြန်မာနိုင်ငံက ပြန်ထွက်သွားပြီး ကုလသမဂ္ဂနဲ့ နိုင်ငံတကာကို တဆင့် ဘယ်လို ပြန်လည်တင်ပြမလဲ ဆိုတာတွေဟာ အတော်ကို အရေးကြီးလာပါတယ်။ ကုလသမဂ္ဂဆိုတဲ့ အရှိန်အဝါကြီးအောက်ကနေ ပြောတာဖြစ် တာကြောင့် မပြောသင့်တာတွေ ပြောနေရင်၊ လူထုနဲ့ တိုင်းပြည်အတွက် စစ်စစ်မှန်မှန် အကျိုးမရှိတဲ့ အချက်တွေကို အကြံပေးတာမျိုး လုပ်နေရင် ရေတိမ်မှာနစ်မယ့် ကိန်းမျိုးဆိုက်နိုင်မှာ မို့လို့ဖြစ်ပါတယ်။ ဘာကြောင့် ဒီလို ပြောရပါ သလဲ။

နာဂစ် မုန်တိုင်း တိုက်ခတ်အပြီးမှာ နိုင်ငံတကာက အကူအညီတွေ ထိထိရောက်ရောက်ပေးဖို့ ကမ်းလှမ်းခဲ့ ပေမယ့် နအဖက လျစ်လျူရှုခဲ့တယ်။ ဒီအခါမှာ နိုင်ငံတကာဖိအားဟာ အတော်ကိုတက်ခဲ့တယ်။ ကုလသမဂ္ဂ အတွင်း ရေးမှူးချုပ် ဘန်ကီမွန်းကိုယ်တိုင် နအဖနဲ့ လာရောက်တွေ့ဆုံခဲ့ပြီး နအဖ ဟာ နိုင်ငံတကာ အကူအညီတွေကို ဘယ် နိုင်ငံက မဆိုလက်ခံတော့မယ်လို့ ထုတ်ပြောလိုက်တဲ့အချိန်မှာတော့ နိုင်ငံတကာရဲ့ဖိအားဟာ လုံးဝကိုကျဆင်းသွား ခဲ့ပါတယ်။

မြန်မာနိုင်ငံလူထုတွေ အတိဒုက္ခရောက်နေတဲ့ အချိန်မှာ တကူးတက လာရောက်တွေ့ဆုံ ပြောဆိုပေးတဲ့ အတွက် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ဘန်ကီမွန်းကို ကျေးဇူးတင်ကြရမှာပါ။ ဒါပေမယ့် တဘက်ကနေ ပြန်စဉ်းစား မယ်ဆိုရင်တော့ ဘန်ကီမွန်းလာရောက်ခဲ့တာဟာ နအဖအတွက် အသက်ရှူပေါက်ချောင်သွားစေတဲ့သဘော ဖြစ် သွားပါတယ်။ နိုင်ငံတကာ အကူအညီတွေကို လက်ခံမယ်လို့ နအဖက ကတိပြုလိုက်ရတာဟာ သံခင်း တမန်ခင်း ကြိုးပမ်းမှုက အဓိက မဟုတ်၊ ဖိအားက အဓိက ဖြစ်ခဲ့ပါတယ်။ အဲဒီ အချိန်တုံးက နအဖ အပေါ်ကြီးမားတဲ့ ဖိအား နှစ်ခုရှိခဲ့တယ်။ တခုကတော့ ကူညီရေးရိက္ခာတွေ အပြည့်တင်ထားတဲ့ အမေရိကန်၊ ဗြိတိန်နဲ့ ပြင်သစ် စစ်သင်္ဘောကြီး တွေက မြန်မာနိုင်ငံထဲကို အတင်း ဝင်ရောက်တော့မယ့် တကဲကဲ ဖြစ်နေခဲ့တဲ့ အချက်ပါ။

အခြားတခုကတော့ ဥရောပသမဂ္ဂ ရဲ့လှုပ်ရှားမှု ဖြစ်ပါတယ်။ မုန်တိုင်းဒဏ်ခံနေရတဲ့ ပြည်သူလူထုကို နအဖ ရဲ့လျစ်လျူရှုမှုဟာ လူသားအဖြစ် အသက်ရှင်သန်မှုကို ဆန့်ကျင်တဲ့ ပြစ်မှုမြောက်တယ်၊ ဒါကြောင့် ဒီပြစ်မှုကို အရေးယူဖို့ နိုင်ငံတကာ ပြစ်မှုဆိုင်ရာတရားရုံးကို လွှဲပြောင်းပေးအပ်နိုင်ရေးအတွက် ဥရောပသမဂ္ဂ အဖွဲ့ဝင်နိုင်ငံ တွေက လုံခြုံရေးကောင်စီကို ဖိအားပေးတောင်းဆိုသင့်တယ်ဆိုပြီးတော့ ဥရောပသမဂ္ဂမှာ ဆွေးနွေးမှုတွေ ပြင်းထန်ခဲ့ တဲ့ အချက်ပါဘဲ။ ဘန်ကီမွန်းရဲ့ မြန်မာနိုင်ငံခရီးစဉ်အတွင်းမှာဘဲ ဒီဆုံးဖြတ်ချက်လည်း ကျဖြစ်ခဲ့ပါတယ်။ ဒီလို ဖိအား ကြီးနှစ်ခုရဲ့ နောက်ခံကိုယူပြီး ဆွေးနွေးနိုင်ခဲ့တာကြောင့် နအဖ အနေနဲ့ ဘန်ကီမွန်းကို လိုက်လျောလိုတဲ့ သဘောပြခဲ့ ရတာပါ။ ခက်တာက ဘန်ကီမွန်းအနေနဲ့ ဒီ ဖိအားကြီး နှစ်ခုရဲ့အင်အားကိုသုံးပြီး လိုရင်းကိုရောက်အောင် မစွမ်း ဆောင်နိုင်ခဲ့ဘူး လို့ဆိုရမှာပါ။ အဓိက နှစ်ချက် ကို ထောက်ပြပါမယ်။

(၁) ဘင်္ဂလားပင်လယ်အော်ထဲမှာ ကူညီဖို့အသင့်စောင့်နေတဲ့ သင်္ဘောကြီးတွေကို ချက်ချင်းဝင်ခွင့်ပေးပြီး

နိုင်ငံတကာ အကူအညီကို ချက်ခြင်းလက်ခံပါလို့ နအဖကို မတိုက်တွန်းနိုင်ခဲ့ဘူး။ နအဖ အနေနဲ့ အချိန်ဆွဲလိုသမျှ ဆွဲတာကို လက်ခံခွင့်ပြုပေးတဲ့ သဘောရောက်ခဲ့တယ်။

(၂) လူမှုရေး အကူအညီကိစ္စကို သာဆွေးနွေးပါ၊ နိုင်ငံရေး မပြောပါနဲ့ လို့ နအဖ က ပိတ်ပင်တာကို ငြိမ်ငြိမ်ကလေး နာခံပြီး ပြန်သွားခဲ့တယ်။

နိုင်ငံတကာအကူအညီတွေ အသင့်ရှိနေပါရက်နဲ့ ချက်ခြင်းကူညီကယ်တင်ခွင့်မရခဲ့တာကြောင့် မကောင်းတဲ့ အကျိုးဆက်တွေ အမြောက်အများ ရှိသွားခဲ့တယ်။ မသေသင့်သူတွေ မြောက်များစွာသေခဲ့ရ၊ မဝတ်မှတ်သင့်သူတွေ မြောက်များစွာ ဝတ်မှတ်ခဲ့ကြရ၊ ကူညီကယ်တင်ရေးလုပ်ငန်းတွေ ထိထိရောက်ရောက် မလုပ်ဆောင်နိုင်ခဲ့၊ ကူညီကယ်တင်ရေးလုပ်ငန်းတွေ အခုအချိန်အထိ မပြီးသေးတာကြောင့် အချိန်မှီစိုက်ပျိုးထုတ်လုပ်ရမယ့် လုပ်ငန်းတွေကို ထိခိုက်ကြန့်ကြာစေခဲ့၊ ကူညီကယ်တင်ရေးလုပ်ငန်းတွေ စနစ်တကျနဲ့ အဆင့်အတန်းရှိရှိ မလုပ်နိုင်တာကြောင့်လည်း ပြည်သူလူထုအတွင်းမှာ အငတ်ဘေးသာမက ကပ်ရောဂါဘေးပါဆိုက်ရောက်မယ့် အနေအထားကြီးကို ဆက်လက်ကြုံတွေ့နေရ၊ စတာတွေ ဖြစ်ပါတယ်။

နိုင်ငံရေး မပြောပါနဲ့ လို့ နအဖက ပိတ်ပင်တာကို ကုလသမဂ္ဂအတွင်းရေးမှူးချုပ်အနေနဲ့ လက်ခံနှုတ်ဆိတ်ပြီး ပြန်သွားခဲ့တဲ့အတွက် အခုအချိန်မှာရော၊ ရေရှည်မှာပါ ရင်ဆိုင်ရမယ့် ပြဿနာရှိလာပါတယ်။ အဲဒါကတော့ ကြီးမားတဲ့ နိုင်ငံတကာ အကူအညီတွေကို ဆက်လက် လက်ခံရာမှာ ချစါးမှုတွေ နည်းနိုင်သမျှနည်းအောင် ရှင်းလင်းပြီး တာဝန်ခံမှုရှိတဲ့ ယန္တယား ဖွဲ့စည်းမှုတခုကို မတည်ဆောက်နိုင်ခဲ့တဲ့ကိစ္စ ဖြစ်ပါတယ်။ တနည်းအားဖြင့် ၁၉၉၀ မေလ ရွေးကောက်ပွဲအနိုင်ရ အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်နဲ့ တိုင်းရင်းသား ပါတီ အဖွဲ့အစည်းခေါင်းဆောင်တွေရဲ့ ပါဝင်ပတ်သက်မှု၊ ကူညီကယ်တင်ရေးလုပ်ငန်းတွေကို ဖြည့်ဆည်းလုပ်ဆောင်ကြမယ့် လွတ်လပ်တဲ့ လူထုအသင်းအဖွဲ့တွေ အနေနဲ့ လွတ်လပ်စွာ လှုပ်ရှားခွင့်၊ နိုင်ငံတကာက ပေးအပ်မယ့် အကူအညီတွေကို လက်ခံဖြန့်ဖြူးခွင့်တွေ ရစေမှု၊ ပြည်တွင်းနဲ့ နိုင်ငံတကာမှာရှိတဲ့ သတင်း မီဒီယာတွေအနေနဲ့ ဒေသအသီးသီးကို လွတ်လပ်စွာသွားရောက်ပြီး သတင်း အချက်အလက်တွေအားလုံးကို ရယူဖြန့်ဖြူးခွင့် ရှိစေမှု၊ မုန်တိုင်းဒဏ်ခံစါးခဲ့ရတဲ့ ပြည်သူလူထု ကိုယ်တိုင်က လွတ်လပ်စွာမေးမြန်းခွင့်၊ တင်ပြခွင့်ရစေမှုစတာတွေ ဘာတခုမှ ဟုတ္တိပတ္တိရှိမလာတဲ့ ကိစ္စဖြစ်ပါတယ်။

နအဖက တဖက်က နိုင်ငံရေးမပြောပါနဲ့လို့ဆိုပေမယ့် အခြားတဘက်ကတော့ မုန်တိုင်းဒဏ်ခံနေရတဲ့ သူတွေ ကူညီကယ်တင်ရေးကို အဓိကမလုပ်ဘဲ သူ့ရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေ အတည်ပြုနိုင်ဘို့ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကိုသာ ဇောင်းပေးလုပ်သွားခဲ့တယ်။ သည်ကိစ္စကိုလဲ ဘန်ကီမွန်းလာရောက်စဉ်က နုတ်ပိတ်ရေငုံလုပ်ထားခဲ့ပါတယ်။ မုန်တိုင်းဒဏ်ကို အသဲအသန်ရင်ဆိုင်ဖြေရှင်းနေရလို့ ဖွဲ့စည်းပုံအခြေခံဥပဒေကို ဖတ်ရှုလေ့လာခွင့်ရဘို့ ဝေးလို့၊ စါအုပ်တောင်မမြင်ဘူးတဲ့ လူထုတွေက ဖွဲ့စည်းပုံအခြေခံဥပဒေကို ရာနန်းပြည့်နီးပါးနဲ့ အတည်ပြုလိုက်ပြီလို့ နအဖ က ထုတ်ပြန်ခဲ့တဲ့အပေါ်မှာလည်း ကုလသမဂ္ဂက ဘာမှ ထုတ်ပြောလာတာမရှိပါ။

ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်ကိုယ်တိုင် မြန်မာနိုင်ငံအတွင်းရောက်ရှိခဲ့တာတောင်မှ ဒီလိုမျိုးနစ်နာဆုံးရှုံးမှုတွေ ရှိခဲ့အမှန်ပါ။ ဟော အခုတခါ သူ့ရဲ့ကိုယ်စါးလှယ်မစ္စတာဂမ်ဘာရီ ထပ်မံလာရောက်ဦးမယ် လို့ဆိုပါတယ်။ ဂမ်ဘာရီ လာရောက်တဲ့အတွက် ဘာတခုမှ တိုးတက်မှုမရခြင် နေပါစေဦး၊ ထပ်မံပြီး ဆုံးရှုံးမှုတွေ မရှိအောင် ဘယ်လိုကြိုတင်ကာကွယ်ရမလဲ ဆိုတာကို လေ့လာဘို့လိုလာပါတယ်။ ထပ်မံဆုံးရှုံးမှုလို့သုံးတဲ့အတွက် အရင်တုံးက ဂမ်ဘာရီ လာရောက်ပြီးတဲ့ နောက်ပိုင်းမှာရော ဘာတွေ ဆုံးရှုံးခဲ့သလဲလို့ မေးစရာရှိလာပါတယ်။

(၁) ၂၀၀၇ ခုနှစ် စက်တင်ဘာ သံဃာ့လှုပ်ရှားမှုကြီး ပြီးပြီးခြင်းမှာ ပထမဆုံးရောက်လာသူက ဂမ်ဘာရီပါ။ တကယ်တော့ သံဃာ့လှုပ်ရှားမှုကြီးအပေါ် နအဖရဲ့ဖိနှိပ်မှုဟာ ပြင်းထန်လွန်းလို့ လူမျိုးတုံးသတ်ဖြတ်မှု မြောက်မမြောက် အငြင်းပွားလောက်တဲ့ နိုင်ငံတကာ ရာဇဝတ်မှုကြီးဖြစ်ပါတယ်။ ဒီ အပေါ်မှာ နိုင်ငံတကာရဲ့ အာရုံကြီးကြီးမားမားကျရောက်နေစဉ်အတွင်း ဂမ်ဘာရီရောက်သွားခဲ့တာပါ။ တကယ်တော့ ကုလသမဂ္ဂကိုယ်စါးလှယ်တဦးအနေနဲ့ မြန်မာနိုင်ငံကို ရောက်ရောက်ခြင်းလုပ်ရမယ့် အလုပ်က၊ ဥပဒေမဲ့ အကြမ်းဘက်ခြေမှုန်းခံရတဲ့ နေရာဒေသတွေနဲ့ ဘုန်းကြီးကျောင်းတွေကို ချက်ခြင်းသွားရောက်လေ့လာကြည့်ရှုဘို့၊ ဖမ်းဆီးဖိနှိပ်ခံနေရတဲ့ သံဃာတော်တွေနဲ့ တွေ့ဆုံခွင့်ရအောင်ကြိုးစါးဘို့၊ သူတို့ကို အမြန်ဆုံးပြန်လွှတ်ရေးကိုချက်ခြင်းတောင်းဆိုဘို့၊ ပြန်မလွှတ်မခြင်း ဆက်လက် ဖိအား

တွေ ပေးနေဘို့ ဖြစ်ပါတယ်။ ဒါတွေကို အရေးတကြီးချက်ခြင်းမဆောင်ရွက်ဘဲ နအဖ ခေါ်တဲ့နေရာ ရှမ်းပြည်မြောက်ပိုင်းကိုတက်သွားပြီး နအဖ ပြတဲ့မျက်လှည့်ပွဲတခုကို လိုက်ကြည့်နေခဲ့သူ ဖြစ်ပါတယ်။

(၂) ပိုပြီး ဆိုးတာက ဗိုလ်ချုပ်အောင်ကြည်ကို နအဖ ရဲ့ကိုယ်စားလှယ် အဖြစ်ပွဲထုတ်ပြီး ဒေါ်အောင်ဆန်းစုကြည်နဲ့ စကား ပြောခွင့်ပေးလိုက်ပြီဆိုတဲ့ နအဖရဲ့ဆင်ကွက်ကို တကယ့်နိုင်ငံရေးတွေ့ဆုံဆွေးနွေးမှုကြီး ဖြစ်တော့မယောင်နဲ့ ဂမ်ဘာရီက ပါ လိုက်လံပြီးဝါဒ ဖြန့်ချီပေးနေတဲ့ ကိစ္စဖြစ်ပါတယ်။ ဒီလိုဖြစ်လာတဲ့အခါ သံဃာတော်တွေ သောင်းသိန်းချီပြီး အသေခံစွန့်စါးခဲ့လို့ရလာတဲ့ နိုင်ငံတကာ ဖိအားဟာ ဒလဟော ကျဆင်းသွားခဲ့ရပါတယ်။

(၃) သည့်ထက်ပိုပြီး ဆိုးတာရှိပါသေးတယ်။ ဂမ်ဘာရီ ပြန်သွားပြီးတဲ့အခါ သူကိုယ်တိုင်ရေးသားဖြန့်ချီတဲ့ အစီရင်ခံစါထဲမှာ နအဖအမျိုးသားညီလာခံက ချမှတ်ထားခဲ့တယ်ဆိုတဲ့ ဖွဲ့စည်းပုံဆိုင်ရာ အခြေခံမူတွေနဲ့ စပ်လျှဉ်းပြီး ဖွဲ့စည်းပုံအခြေခံဥပဒေရေးရာကော်မရှင်တရပ်ဖွဲ့စည်းပြီး ပြန်လည်စီစစ်သွားဘို့ ပါရှိခဲ့တယ်။ နအဖက ဂရုမစိုက်ဘဲ သူ့ရဲ့ချမှတ်ပြီးသား မူတွေအတိုင်းဆက်လက်ကိုင်စွဲသွားတာကို ဂမ်ဘာရီက ဘာတခုမှ ထောက်ပြကန့်ကွက်တာမျိုးမလုပ်ခဲ့ဘူး။ အဲဒီမူတွေအပေါ်အခြေခံပြီး ရေးသားထားတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေကို အတည်ပြုတော့မယ့် ဆန္ဒခံယူပွဲ လုပ်တော့မယ် ဆိုတာကိုတောင်မှ အပြုသဘောဘက်က တိုးတက်မှုဖြစ်တယ်လို့ သုံးသပ်ခဲ့သူဟာ ဂမ်ဘာရီ ပါ။

(၄) အခုလာမယ့် ခရီးစဉ်အတွင်းမှာ အဆိုးဆုံးဖြစ်လာနိုင်တာ ရှိပါသေးတယ်။ အဲဒါက ဘာလဲ ဆိုတော့ နအဖရဲ့ နာဂစ် ဖွဲ့စည်းပုံအခြေခံဥပဒေအပေါ် အခြေပြုပြီး ၂၀၁၀ ခုနှစ်မှာ ကျင်းပမယ့် ရွေးကောက်ပွဲကို ဝင်ရောက်၊ တဖြေးဖြေး ပြုပြင်ပြောင်းလဲမှုတွေ လုပ်ရင်း၊ စစ်ခေါင်းဆောင်တွေနဲ့ညှိနိုင်းပြီး ဒီမိုကရေစီ ရအောင်လုပ်သွားကြပါလို့ အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ်နဲ့တိုင်းရင်းသားခေါင်းဆောင်တွေကို တိုးတိုးတိတ်တိတ် အကြံပေးဦးမယ့် ကိစ္စဖြစ်ပါတယ်။ အနည်းဆုံးအားဖြင့် ၂၀၁၀ မှာ ကျင်းပတော့မယ့် ရွေးကောက်ပွဲကို လွတ်လပ်တရားမျှတတဲ့ ရွေးကောက်ပွဲ ဖြစ်အောင်ကြိုးပမ်းဘို့ သူ နအဖကို တိုက်တွန်းတယ်ဆိုတဲ့ ဖေါ်ပြချက်မျိုးတွေကိုပြုပြီး အဲဒီရွေးကောက်ပွဲ တရားဝင်မှုရသွားအောင် နအဖ အကြိုက်ပံ့ပိုးပေးတာမျိုးတွေ ရှိလာနိုင်ပါတယ်။ ဂမ်ဘာရီ ရောက်လာပြီးနောက်ပိုင်းမှာ ဒီလို အဆိုးဆုံးတွေ ဖြစ်မလာနိုင်ရေးအတွက် ကြိုတင်ကာကွယ်ဘို့အရေးတကြီး လိုအပ်လာပါပြီ။

အဲဒါကတော့ နအဖရဲ့ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ၊ ၂၀၀၈ ခုနှစ် နာဂစ်ဖွဲ့စည်းပုံအခြေခံဥပဒေ၊ အဲဒီ ဖွဲ့စည်းပုံအခြေခံဥပဒေကို အမှီပြုပြီး ကျင်းပမယ့် ရွေးကောက်ပွဲမှန်သမျှနဲ့ အဲဒီ ရွေးကောက်ပွဲကနေ ပေါ်လာမယ့် ဘယ်အစိုးရကိုမှ တရားဝင်အသိအမှတ် မပြုနိုင်ဘူးဆိုတာကို ပြည်တွင်းပြည်ပက ပြည်သူလူထုတရပ်လုံးအနေနဲ့ ကုလသမဂ္ဂနဲ့ ဂမ်ဘာရီ ကို ရှင်းရှင်းလင်းလင်း ဝိုင်းဝန်း အသိပေးထားဘို့ဖြစ်တဲ့အကြောင်း တင်ပြရင်းနိဂုံးချုပ်လိုက်ပါတယ်။